www.sdtimedaily.com
www.facebook.com/standardtimedaily

ယူနန်လို့ခေါ်တဲ့ ဘဝနေထိုင်မှုတစ်မျိုးရှိတယ်

# မိုးရာသီအချိန်ကာလ ယူနန်နယ်သူနယ်သားများသာ ပိုင်ဆိုင်သည့် မှိုပဒေသာပွဲကြီး စတင်လိုက်ပါပြီ



လတ္တီကျူနိမ့်ပြီး မျိုးစုံလင်သည့် ရာသီဥတု၊ ကြွယ်ဝသည့် မြေအနေအထားတို့သည် ယူနန်ပြည်နယ်၏ အမျိုးအစားများပြားသော၊ အရသာတစ်မူထူးခြားသော တောရိုင်းမှိုများကို ဖြစ်ထွန်းလာစေသည်။ ယူနန်ပြည်နယ်၏ စားသုံးနိုင်သော တောရိုင်းမှိုများသည် အမျိုးအစား ၉၀၀ ခန့်ရှိပြီး တရုတ်တစ်နိုင်ငံလုံးမှ စားသုံးနိုင်သောမှိုအမျိုးအစား စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။

မိုးရာသီတိုင်းတွင် ယူနန်ပြည်နယ်က တောရိုင်းမှိုအများအပြားသည် ဈေးကွက်သို့ ဝင်ရောက်လာပြီး တစ်နှစ်တစ်ခါကြုံဆုံရသည့် "မှိုစားရာသီ" ရောက်ရှိလာပါသဖြင့် ယူနန်နယ်သူနယ်သားများသာ ပိုင်ဆိုင်သည့် အစားအသောက်ပွဲတော်ကြီးကို စတင်ခဲ့သည်။ ဒေသအသီးသီးမှ ခရီးသည်များသည်လည်း ဤရာသီတွင် နာမည်ကျော်ကြားသောကြောင့် ယူနန်ပြည်နယ်သို့ လာရောက်ကာ "မှိုကောက်ခြင်း၊ မှိုစားခြင်း၊ မှိုပွဲတော်ဆင်နွှဲခြင်း" ခရီးစဉ်ကို စတင်ခဲ့ကြပြီး "လျှာဖျားထက် ယူနန်"ကို အတူတကွ လက်တွေ့ခံစားကြသည်။

## မှိုကို"အမျိုးမျိုး"စားသုံးခြင်း

ထင်းရှူးမှို ( Tricholoma matsutake)သည် သဘာဝပေါက်ရောက်ကာ အဖိုးတန်သော စားသုံးနိုင်သည့် မှိုအမျိုးအစား ဖြစ်သည်။ ၎င်း၏ မှိုကိုယ်ထည်သည် ဖောင်းပွခြင်း၊ မှိုသားဖွေးဖြူ နူးညံ့ခြင်း၊ အနံ့အရသာ ပျစ်ခြင်း၊ အာဟာရ ပြည့်ဝခြင်းများ ပြည့်စုံပါသည်။ လတ်ဆတ်သောထင်းရှူးမှို၏ စားသုံးနည်းသည် လွန်စွာ လွယ်ကူသည်။ ကင်စားခြင်း၊ အစိမ်းစားခြင်း၊ ဟင်းချိုပြုတ်ခြင်း၊ ရေနွေးစိမ်ခြင်း စသည့်နည်းလမ်းများဖြင့် စားသုံးနိုင်သည်။ ထင်းရှူးမှိုသုပ်ခြင်း၊ ထင်းရှူးမှိုဆော်လမွန်၊ ခရုအနှစ်ထင်းရှူးမှို၊ မီးသွေးကင်ထင်းရှူးမှိုစသည်တို့သည် ထင်းရှူးမှို၏ ထူးခြားသော စားသုံးနည်းများ ဖြစ်သည်။

ကန်ဘာမှို (Thelephora ganbajun) သည် အဓိကအားဖြင့် ယူနန်ပြည်နယ်အလယ်ပိုင်း ကုန်းပြင်မြင့်ဒေသတွင် ပေါက်ရောက်သည်။ အရသာတစ်မူထူးခြားပြီး အမြဲချက်ပြုတ်နေကျ နည်းလမ်းများမှာ အချဉ်နှပ်ခြင်း၊ သုပ်ခြင်း၊ လှော်ခြင်း၊ ကြော်ခြင်း၊ နှပ်ခြင်း၊ မကျက်တကျက်ကြော်ခြင်း စသည်တို့ ဖြစ်သည်။ ဝက်ခြေထောက် ကန်ဘာမှိုကြော်၊ ငရုတ်သီးစိမ်း ကန်ဘာမှိုကြော်၊ ကန်ဘာမှိုထမင်းကြော်၊ ကြက်သားမျှင် ကန်ဘာမှိုကြော်၊ ကန်ဘာမှိုသုပ် စသည်တို့သည် အစားမက်သူများကို သွားရည်များများကျစေသည်။

ချိုကန်မှို(Boletus)ကို အပြင်ပိုင်းအရောင်ကိုလိုက်၍ ချိုကန်မှိုမည်း၊ ချိုကန်မှိုဝါ၊ ချိုကန်မှိုဖြူဟူ၍ ခွဲခြားပါသည်။ ၎င်းတို့ထဲတွင် ချိုကန်မှိုဖြူသည် အတွေ့ရအများဆုံးဖြစ်ပြီး အများအားဖြင့် အပြားလိုက်လှီး၍ ငရုတ်ပွ၊ ကြက်သွန်ဖြူတို့ဖြင့် ဆီပူကြော်ကာ စားသုံးပါက လွန်စွာမှ ကြွပ်ရွစားကောင်းပါသည်။ ငရုတ်သီးခြောက်၊ ကြက်သွန်ဖြူတို့နှင့် ဆီပူထဲတွင် မကျက်တကျက်ကြော်၍လည်း စားသုံးနိုင်သည်။ ချိုကန်မှိုဝါ၏ ချက်ပြုတ်နည်းသည် ချိုကန်မှိုဖြူနှင့် ဆင်တူပြီး အရသာလတ်ဆတ်ခြင်း၊ မွှေးကြိုင်ခြင်း၊ ချိုမြိန်ခြင်း၊ ကြွပ်ရွခြင်းတို့ဖြင့် မှိုသားသည် နူး၍ ရင့်ခြင်း၊ အမွှေးနံ့သင်းကြိုင်ခြင်းများရှိပါသည်။

တောင်ပို့မှိုသည် မှိုများထဲမှ ဘုရင်ပင်ဖြစ်ပါသည်။ ၎င်း၏ ထွားကျိုင်းခိုင်မာခြင်း၊ အသားကျစ်ဖြူဖွေးခြင်း၊ မွှေးကြိုင်စားကောင်းခြင်းများသည် ကြက်သားကဲ့သို့ ဖြစ်နေသောကြောင့် တောင်ပို့မှိုဟုခေါ်ဆိုကြသည်။ တောင်ပို့မှို၏ ချက်ပြုတ်နည်းသည် လွန်စွာများပြားသည်။ ရှာကြက်တောင်ပို့မှိုပြုတ်သည် လွန်စွာကောင်းမွန်လှပါသည်။ တောင်ပို့မှိုနှပ်ခြင်းသည်လည်း လွန်စွာမှ ကြိုက်နှစ်သက်ကြသော အထူးအစားအစာဖြစ်သည်။



## ပုံစံအမျိုးမျိုးဖြင့် မှို "ရှုစားခြင်း"

ယူနန်နယ်သူနယ်သားများ၏ မှိုပဒေသာပွဲကြီးသည် ထမင်းစားပွဲပေါ်တွင်သာ မြင်သာစေသည်မဟုတ်ဘဲ ဘဝနေထိုင်မှု အနုအလှများတွင်လည်း မြင်တွေ့နိုင်သည်။ "တောရိုင်းမှိုပန်းစီး" ယူနန်နယ်သူနယ်သားများတွင်သာရှိသည့် စိတ်ကူးယဉ်ဆန်မှုတစ်မျိုး ဖြစ်ပါသည်။ အမျိုးအစားစုံလင်လှသော၊ အသွေးအရောင်အမျိုးမျိုးသော တောရိုင်းမှိုများကို ပန်းများဖြင့် ပေါင်းစပ်၍ သပ်ရပ်လှပသော ထုပ်ပိုးမှုများဖြင့် "တောရိုင်းမှိုပန်းစည်း" ဖြစ်လာစေခဲ့ပြီး အမြင်ကို ဆန်းသစ်စေသည်။

တောရိုင်းမှို ခေါင်းစီးမှာ ယူနန်နယ်သူနယ်သားများ၏ စိတ်ကူးယဉ်ဆန်မှုကို အမြင့်တစ်ခုသို့ ရောက်ရှိသွားစေပါသည်။ မကြာသေးမီက ယူနန်ပြည်နယ် ဖူအော်မြို့က ဓာတ်ပုံဆရာတစ်ဦးသည် "တောရိုင်းမှို+ပလောင်တိုင်းရင်းသားအဝတ်အစား + ဆံထိုး" ဆိုသည့် ပေါင်းစပ်မှုမှတစ်ဆင့် မှိုနီကြီးဆံထိုး အနုပညာဓာတ်ပုံတစ်စုံကို ရိုက်ကူးခဲ့သည်။ မတူထူးခြားသည့် ဆန်းသစ်ဖန်တီးမှုသည် မှိုနီကြီးကို အလုံးစုံသစ်လွင်သော အနုပညာအသက်ဝင်မှု ပေးအပ်နိုင်ခဲ့ပြီး ပလောင်အမျိုးသမီးငယ်များ၏ ဆံနွယ်များကြားမှ အတောက်ပဆုံးသော အဆင်အယင်ဖြစ်လာခဲ့သည်။

တောရိုင်းမှိုကို ဇဟိုပြု၍ ထွန်းတောက်လာသည့် အသေးစားခရီးသွားမှုမှာမူ ယူနန်နယ်သူနယ်သားများတွင်သာ သီးခြားတည်ရှိသည့် စိတ်ကူးယဉ်ဆန်မှုကို တရုတ်နိုင်ငံ ဒေသအသီးသီးမှ လာရောက်ကြသည့် ခရီးသွားများထံသို့ မျှဝေပေးနိုင်ခဲ့ပါသည်။ ယူနန်ပြည်နယ်၏ တောရိုင်းမှိုအရောင်းဈေးများတွင် အမျိုးစုံလင်လှသော တောရိုင်းမှိုများသည် တစ်မူထူးခြားသော ရှုမျှော်ခင်းတစ်ခု ဖြစ်လာခဲ့ပြီး ခရီးသွားအများအပြားကို မှိုရှုစားခြင်း၊ မှိုဝယ်ခြင်းများ ပြုလုပ်ရန် ဆွဲဆောင်နိုင်ခဲ့သည်။ ယူနန်ပြည်နယ်ဒေသအသီးသီးတွင် ကျင်းပသည့် မှိုပွဲတော်များသည် ခရီးသွားများအား တောရိုင်းမှိုခူးခြင်း၏ ပျော်ရွှင်မှုများကို လက်တွေ့ခံစားရစေခဲ့ပြီး အလတ်ဆတ်ဆုံးသော တောရိုင်းမှိုအစားအစာကို မြည်းစမ်းနိုင်စေခဲ့သည်။

